# ပန်တိမ်ပြင်ကျေးရွာ

## ကျေးရွာပို့ဖြိုးရေးစီမံကိန်း

## ယင်းမာပင်မြို့နယ်




ကျေးရွာပို့ဖြိုးရေးစီမံချက် (၂၀၁၈ – ၂၀၂၂)

ပြုစုရေးဆွဲသူ

ကျေးရွာပို့ဖြိုးရေးကော်မတီ

ပန်းတိမ်ပြင်ကျေးရွာ၊ ယင်းမာပင်မြို့နယ်


(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊

ကျေးလက်ဒေသပို့ဖြိုးတိုးတက်ရေးဦးစီးဌာန က ကူညီရေးဆွဲသည်)

၂၀၁၈ ခုနှစ်၊ စက်တင်ဘာ လ

J

# ယင်းမာပင်မြို့နယ် ပန်းတိမ်ပြင်ကျေးရွာ အခြေပြမြေပုံ



# ကျူးလွန်ဖွဲ့ဖြိုးရေးစာတမ်း

အပိုင်း(၁) ကျူးရှောင်၏လွန်ရှိဖွဲ့ဖြိုးရေး အခြေအနေနှင့် ဦးစားပေး ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

(၁) တည်နေရာနှင့် ပထဝီအနေအထား

(၂) ရာသီဥတုနှင့်သဘာဝအရင်းအမြစ်

(၃) ဖွံ့ဖြိုးမှုဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

(၄) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(၅) အခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှုများ

(၆) ပညာရေး

(၇) ကျန်းမာရေး

(၈) ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး

(၉) ကျား-မ ရေးရာ

(၁၀) ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ

# စကားချီး

ဤကျေးရွာ ဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၇/၁၈ ဘဏ္ဍာရေးနှစ်မှ ၂၀/၂၁ /၂၂ ဘဏ္ဍာရေး နှစ်အထိ ငါးနှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ပန်းတိမ်ပြင်ကျေးရွာ၏ ရွာသူ၊ရွာသားများ ရပ်မိရပ်ဖများ ပါဝင်ရေးဆွဲထားသည့် ပထမဦးဆုံးသော ကျေးရွာစီမံကိန်း ဖြစ်ပါသည်။ ရှေးဦးစွာ စီမံကိန်း ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ သင်တန်းများပို့ချပေးခြင်းအားဖြင့် ပံ့ပိုးပေးခဲ့သော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဦးစီးဌာန ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို ပံ့ပိုးပေးခဲ့သော ယင်းမာပင်မြို့နယ်၊ ကျေးလက်ဖွံ့ဖြိုးရေး ဦးစီးဌာနမှ ဦးစီးမှူးနှင့်တကွ သင်တန်းဆရာ/ဆရာမများကိုလည်း အထူးကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာ၏ တိုးတက်ရေးလုပ်ငန်းများကို စွမ်းနိုင်သလောက် စီစဉ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုနှင့် စနစ်တကျ ပူးပေါင်းစည်းရုံး ဆောင်ရွက် ရမည့် နည်းစနစ်များကို မသိခဲ့ကြပါ မပြုလုပ်မိခဲ့ကြပါ။

ကျွန်ုပ်တို့အချင်းချင်း ညီညွတ်စွာပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ အကောင်အထည် ဖော်ဆောင်ရွက်မည့် ကျွမ်းကျင်သော အဖွဲ့တစ်ဖွဲ့ကို ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ စီစဉ် ဆောင်ရွက်ပေးခဲ့ပါသည်။

ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်များ၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာဖွံ့ဖြိုး တိုးတက်ရေးအတွက် သက်ဆိုင်ရာမြို့နယ် ဦးစီးဌာနများနှင့် အတူတကွ ပူးပေါင်းချိတ်ဆက် ဆောင်ရွက်ရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာနားလည် သိရှိခဲ့ရပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်သည် လက်ရှိကာလအတွင်း ရရှိသည့် အချက်အလက်များ ကိုသာ အားပြု ဦးစားပေးထားသော်လည်း နောင်ကာလများတွင် ထပ်မံရရှိသည့် အချက်အလက် များကို ဆက်လက်လုပ်ဆောင်ခြင်းအားဖြင့် ပိုမိုကောင်းမွန်လာမည်မှာ သေချာပါသည်။ ဤစီမံကိန်းတွင် ပါဝင်သော လုပ်ငန်းများသည် အကောင်အထည်ဖော်လုပ်ဆောင်သွားမည့် လုပ်ငန်းများဖြစ်ပြီး လုပ်ငန်းစဉ်တစ်ဝက်ခန့်ပြီးစီးချိန်တွင် လုပ်ငန်းတိုးတက်ပြီးစီးမှု ပေါ်ပေါက်လာမည့် အခက်အခဲများ

အဟန်းအတားနှင့်စိန်ခေါ်မှုများ လုပ်ငန်း အစီအစဉ်များကို အခြေအနေနှင့် အချိန်ကာလအပေါ် မူတည်၍ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရန် လိုအပ်ပါသည်။

ဤကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ယင်းမာပင်မြို့နယ် ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာန၊ ယင်းမာပင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ နိုင်ငံတော် သက်ဆိုင်ရာ ဌာနများ၏ အကြံပြုချက်များ ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်လိမ့်မည်ဟု ကျွန်ုပ်တို့ ကျေးရွာမှ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့ကျေးရွာ၏ ဖွံ့ဖြိုးတိုး တက်ရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးမှုများရရှိနိုင်မည်ဖြစ်ကြောင်းကိုလည်း ယုံကြည်မိပါသည်။

ဤစီမံကိန်းတွင် ဖွံ့ဖြိုးတိုးတက်ရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်၊ အကောင်အထည်ဖော်မည့် ဗျူဟာဦးစား လုပ်ငန်းအစီအစဉ်များ၊ ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်း ဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိကထား၍ ဖော်ပြထားပါသည်။

ဇွန်လ (၁၁)ရက်၊ ၂၀၁၈

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ပန်းတိမ်ပြင်ကျေးရွာ
ယင်းမာပင်မြို့နယ်

## (၁) နိဒါန်း – ကျေးရွာဖွံ့ဖြိုးရေးတိုးတက်ရေး ရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ရည်ရွယ်ချက်နှင့် ကျိုးကြောင်းဖော်ပြချက်

ဤကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်သည် အစိုးရဌာနများ ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသောဖွံ့ဖြိုးရေးလုပ်ငန်း အတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံးဆိုင်ရာ ကျေးရွာဖွံ့ဖြိုးရေးတိုးတက်ရေး စံမံကိန်းများ ရေးဆွဲ အကောင်အထည်ဖော်မည့် အစီအစဉ်သစ်ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်ကို ပထမဦးစွာ နိုင်ငံတော်၏ အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူထုကိုယ်တိုင်တက်ကြွစွာ ပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်က ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်ရေးဆွဲရေးအတွက် အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးရေးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များ ပြုစုရန် အရေးကြီးပုံကို အလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများ ပြည်သူလူထု ရပ်မိရပ်ဖစသည်တို့ထံမှ လိုအပ်သော သတင်းအချက်အလက်များ ရယူရန် နှင့် ကျွန်ုပ်တို့၏ ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း အကောင်အထည်ဖော်ရန် လိုအပ်သော နည်းပညာများရရှိရန် အရေးကြီးကြောင်းကိုလည်း သတိပြုမိပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးအခြေအနေများကို ကြုံတွေ့ရသော ပြဿနာများ၊ ထိုပြဿနာ၏ အရင်းအမြစ်ဖြစ်သော အချက်အလက်များ ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ်စေမည့်အချက်များနှင့် အဟန့်အတား စိန်ခေါ်မှုများ၊ ၎င်းအဟန့်အတား များကို ကျော်လွှားနိုင်မည့် နည်းလမ်းများ ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ အောင်မြင်ရန် ဆောင်ရွက်ရမည့် နည်းဗျူဟာများနှင့် စီမံချက်များကို ရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ ထို့အပြင် ဦးစားပေးဆောင်ရွက်ရမည့်လုပ်ငန်းများ လုပ်ဆောင်ရန် လိုအပ်သော အရာများနှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုး မိတ်ဖက်များဖြစ်သည့် သက်ဆိုင်ရာ အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဖက် လူမှုရေး အဖွဲ့အစည်းများ၏ အာရုံစိုက်မှုကို ရစေပြီး ကျေးရွာ၏ ဖွံ့ဖြိုးရေးနှင့် ပတ်သက်သူမှန်သမျှတို့သည် ဤအစီအစဉ် မှတ်တမ်း၏ အသုံးဝင်မှုကို သိရှိစေရန် မျှော်လင့်ပါသည်။

ကျွန်ုပ်တို့၏ ကျေးရွာအဆင့် အားထုတ်မှုများအတွက် ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေး စီမံချက်ကို မြို့နယ်အဆင့်၊ တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် လွှတ်တော် အစိုးရအဖွဲ့အစည်းများအား တင်ပြမည် ဖြစ်ပါသည်။

အစိုးရမဟုတ်သော အဖွဲ့အစည်းများ (NGOS) အရပ်ဖက် လူအဖွဲ့အစည်းများ (CSOS) နှင့် အလှူရှင် အဖွဲ့အစည်းများသည် ကျေးရွာလူထု၏ အမှန်တကယ် လိုအပ်ချက်များနှင့်ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။ ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များ အနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာ လိုအပ်ချက်များအတွက် သတင်းအချက်အလက်များကို ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေး အစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများ ရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့ အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ကျေးရွာ၏ ဖွံ့ဖြိုးရေး လိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့် စွမ်းရည်နှင့်လိုအပ်သော အရင်းအနှီးများ ပြည့်စုံမှုအပေါ် မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုးဖြစ်ပါသည်။

## ၁။ တည်နေရာ နှင့် ပထဝီအနေအထား

ပန်းတိမ်ပြင်ကျေးရွာသည် စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်မြို့နယ်၊ ကျောက်မော်အုပ်စု အတွင်းတွင် တည်ရှိသည်။ ယင်းမာပင်မြို့နယ်၏ အရှေ့မြောက်ဖက် (၂၀)မိုင်ခန့်အကွာ ချင်းတွင်းမြစ်၏ အနောက်ဖက်တွင် တည်ရှိသည်။ ချင်းတွင်းတံတား၊ ယာကြီးကပေး လမ်းမကြီး၏ မြောက်(၃)မိုင်ခန့်အကွာအဝေးတွင် တည်ရှိ၍ ကျောက်မော်၊နောပင်၊ကျောက်ကုန်း ရွာများဆီသို့ သွားလာသော မြေသားလမ်းမကြီး၏ ဘေးတွင် တည်ရှိ၍ မုံရွာကဲ့သို့သော မြို့ကြီးများသို့ သွားလာရန် လွယ်ကူသည်။ ကျေးရွာသည် ညီညာပြန့်ပြူးသော မြေမျက်နှာအသွင်အပြင်ရှိ၍ ဆယ်အိမ်စုအလိုက် အကျယ်အဝန်း တူညီသော အိမ်ဝန်းများနှင့် လမ်းအကျယ်အဝန်းမှာလည်း တူညီစွာ တစ်ဖြောင့်တည်း ရှိကြပါသည်။ ပထဝီ အနေအထားအားဖြင့် မြေများသည် မြေနီသဲစပ် အောက်ခံကျင်းမြေများ ဖြစ်ပါသည်။ မြေအောက်ရေ ပေ(၅၀)ခန့်တွင် ရှိသည့်အတွက် ကုန်းပိုင်းမြေပြန့်ဟု ဆိုရပါမည်။

## ၂။ ရာသီဥတုနှင့်သဘာဝ အရင်းအမြစ်

မိုးနည်းရပ်ဝန်း အပူပိုင်းဒေသဖြစ်သည့်အတွက် တစ်နှစ်လုံးတွင် မိုးရေချိန် နည်းပါသည်။ ချင်းတွင်းမြစ်နှင့် နီးသည့်အတွက် ကျောက်၊ သဲ အလွယ်တကူ ရနိုင်ပါသည်။ သဘာဝ ပေါက်ပင်များ အနေဖြင့် ထန်း၊ တမာ၊ မကျည်း၊ ဇီး၊ သနပ်ခါး စသော အပူပိုင်းဒေသ ပေါက်ရောက်သော အပင်များ ပေါက်ရောက်သည်။ ကျေးရွာများ တစ်ရွာနှင့်တစ်ရွာ နယ်နိမိတ် ထိစပ်နေမှုကြောင့် လယ်မြေဧရိယာ နည်း၍ တစ်နိုင်တပိုင် သနပ်ခါးခြံမြေများသာ အများအပြားရှိကြသည်။ မိုးရေကိုသာ အဓိကထား၍ ပဲစဉ်းငုံ၊ ကုလားပဲ၊ နှမ်း နှင့် မြေပဲ သီးနှံများ စိုက်ပျိုးကြသည်။ နှစ်ရှည်ပင်များအနေဖြင့် သနပ်ခါးအများစု စိုက်ပျိုးကြသည်။

## ၃။ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ကျေးရွာတွင် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်နေသော အဖွဲ့များစွာရှိသည်။ 'အာယုဒိယ' လူမှုကူညီရေးအသင်း၊ ကျေးရွာ ကိုယ်ထူကိုယ်ထ လျှပ်စစ်မီးလင်းရေး ကော်မတီ၊ ကျောင်းအကျိုးဆောင်အဖွဲ့၊ လမ်းကော်မတီ၊ နာရေးကူညီမှု ရန်ပုံငွေအဖွဲ့၊ ချက်ပြုတ်ရေးဆိုင်ရာ အိုးသူကြီးအဖွဲ့၊ ဂေါပကအဖွဲ့နှင့် အမျိုးသမီးအဖွဲ့တို့ ဖြစ်ကြသည်။ လူမှုကူညီရေး အဖွဲ့သည် ကျေးရွာမှ မကျန်းမာသော လူနာများကို မုံရွာဆေးရုံ၊ ဆေးခန်းများသို့ ပို့ဆောင်ပေးခြင်းဖြင့် ကူညီဆောင်ရွက်သည်။ ကျေးရွာ ကိုယ်ထူကိုယ်ထ လျှပ်စစ်မီးလင်းရေး လုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ ယခုအခါ ကျေးရွာလူထု အများစု လျှပ်စစ်မီး သုံးစွဲနိုင်ကြပြီ ဖြစ်ပါသည်။ အိမ်တိုင်းစေ့ မီးလင်းနိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်ဆဲ ဖြစ်ပါသည်။ ကျောင်း အကျိုးဆောင်အဖွဲ့သည် ရပ်မိရပ်ဖ ကျောင်းဆရာ/ဆရာမများနှင့် ညှိနှိုင်းတိုင်ပင်၍ ရပ်မိရပ်ဖ အကူအညီဖြင့် မူလတန်းကျောင်းဆောင်၊ ဝန်ထမ်းဆောင်များစသည့် အဆောက်အဦးဆိုင်ရာများ ဖြစ်မြောက်ရန် အကျိုးဆောင်ကြပါသည်။ ထိုနည်းတူစွာ ဂေါပကအဖွဲ့၊ လမ်းကော်မတီ အဖွဲ့အစည်းများသည်လည်း ဘာသာရေးဆိုင်ရာများနှင့်

ကျေးရွာ၏ လမ်းများ သာယာရေးတို့ကို စုပေါင်းဆောင်ရွက်ကြပါသည်။ ကျေးရွာရှိ အဆိုပါအဖွဲ့အစည်းများသည် တစ်ဖွဲ့နှင့်တစ်ဖွဲ့ ချိတ်ဆက်ဆောင်ရွက်မှုအားနည်းသည်မှ အပ ကျေးရွာ၏ ဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းများကို ကောင်းမွန်အောင် အထူးဆောင်ရွက်ကြပါသည်။

## (၄) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

ကျေးရွာ၏ အဓိက ဝင်ငွေရလုပ်ငန်းမှာ ကွမ်းစိုက်ပျိုးခြင်း ဖြစ်သည်။ တောင်သူ အသေးစားများသာ ဖြစ်ကြသည်။ စိုက်ပျိုးမြေဧက မကျယ်ဝန်းသည့်အတွက် တောင်သူလုပ်ငန်းဖြင့် စားဝတ်နေရေး မပြေလည်ကြပါ။ ကွမ်း၊ သနပ်ခါး စသော အခြားသီးနှံ စိုက်ပျိုးရေးကိုသာ အဓိကထား စိုက်ပျိုးကြသည်။ ကျေးရွာမှ လယ်ယာမဲ့ အိမ်ထောင်စုများသည် မိသားစုဝင်ငွေ ရရှိရေးအတွက် အစိုးရဝန်ထမ်း၊ စက်ချုပ်ခြင်း၊ ယက်ကန်းရက်ခြင်း၊ လက်လီလက်ကား ရောင်းဝယ်ခြင်း၊ လုပ်ငန်းများကို လုပ်ကိုင်ကြသည်။ ကျေးရွာတွင်းမှ စိုက်ပျိုးရေးလုပ်ငန်းများတွင် အငှားလုပ်ကိုင်ခြင်း၊ ဆောက်လုပ်ရေး လုပ်ငန်းများတွင် လက်သမား၊ ပန်းရံစသောနေ့စားအလုပ် လုပ်ကိုင်ခြင်းဖြင့် ဝင်ငွေရကြသည်။ လူငယ်အများစုသည် ရန်ကုန်မြို့ မန္တလေးမြို့ မုံရွာမြို့စသော မြို့ကြီးများအပြင် ကျောက်တွင်း၊ ရွှေတွင်းများနှင့် အခြားနိုင်ငံများသို့ သွားရောက် လုပ်ကိုင်ကြသည်။ တစ်နိုင်တစ်ပိုင် နွား၊ ဝက်မွေးမြူကြသူများလည်း ရှိပါသည်။

ဆင်းရဲချမ်းသာ အဆင့်ဆင့် ဥစ္စာဓန သတ်မှတ်မှုတွင် အိမ်ထောင်စု အားလုံး၏ (၅၈.၈) % သည် ဆင်းရဲနှင့် အလွန်ဆင်းရဲသော အိမ်ထောင်စုအဆင့်များဖြစ်ကြပြီး (၁၅.၂)%သည် ချမ်းသာသည်အဆင့်၊ (၂၆)% သည် အလယ်အလတ်အဆင့် ရှိကြသည်ဟု သတ်မှတ်ကြသည်။ လယ်ယာမြေဘက်တွင် ကျယ်ကျယ်ပြန့်ပြန့်မရှိကြသော်လည်း ကွမ်း၊ သနပ်ခါး စသော အခြား စိုက်ပျိုးမှု ရှိခြင်း၊ မုံရွာကဲ့သို့သော မြို့ပြဈေးယာနှင့် လက်လှမ်းမှီမှုရှိခြင်းတို့ကြောင့် စီးပွားရေးအနေအထားမှာ အသင့်အတင့် ရှိသည်ဟု ဆိုနိုင်ပါသည်။ အခြားအခြားသော လက်လုပ်လက်စား အိမ်ထောင်စု အချို့မှာလည်း လက်သမား၊ ပန်းရံ၊ စက်ချုပ်၊ ယက်ကန်းရက်ခြင်း စသော လုပ်ငန်းများကို လုပ်ကိုင်ကြရာမှ ထိုက်သင့်သော ဝင်ငွေ ရရှိကြသဖြင့် ဝမ်းစာအတွက် အဆင်ပြေကြသော်လည်း ချမ်းသာသည်ဟုတော့ မဆိုနိုင်သေးပါ။

## (၅) အခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှုများ

ကျေးရွာတွင် ရွာတွင်းလမ်းမများသည် (၁၄)တောင် (၂၁)ပေ အကျယ်အဝန်းရှိ၍ လမ်းများအားလုံး အကျယ်အဝန်း တူညီ၍ တစ်ဖြောင့်တည်း ရှိကြသဖြင့် သာယာပါသည်။ သို့သော် မြေသားလမ်းများ ဖြစ်သည့်အတွက် မိုးရာသီတွင် ရေချိုင့်များ မကြာခဏဖြစ်၍ ရေတင်နေတတ်ပါသည်။ လျှပ်စစ်မီးရရှိဖြစ်သဖြင့် ညအခါ သွားလာရသည်မှာ အဆင်ပြေပါသည်။ ကျေးရွာတွင် လမ်းမကြီး (၅)လမ်းရှိသည့်အနက် (၄)လမ်းအား ဓာတ်အားကြိုးများ သွယ်တန်းပြီးဖြစ်သည်။

ထပ်ဆင့်တိုးချဲ့သွယ်တန်းရန် လမ်းမကြီး (၁)လမ်း လမ်းသွယ် အနည်းငယ် သာ ကျန်ရှိပါတော့သည်။ ကျေးလက်ဆေးပေးခန်းနှင့် စာကြည့်တိုက်များ မရှိသေးပါ။ ကျေးရွာ၏ ရွာလယ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကိစ္စ၊ သာဓေး နာရေးကိစ္စ စသည့်တို့ ဆွေးနွေးတိုင်ပင်ရန် ရွာလယ် ဓမ္မာရုံ ရှိပါသည်။ ပညာရေး အဆောက်အဦးအနေအားဖြင့် ကျေးရွာ မူလတန်း ကျောင်းသည် စာသင်ဆောင်(၂)ဆောင် ရှိသည့်အနက် မူလကျောင်းဆောင်ဟောင်းသည် ကျောက်ကုန်းကျေးရွာ မူလတန်းကျောင်းဆောင်ဟောင်းကို ရပ်မိရပ်ဖ စုပေါင်းငွေဖြင့်ဝယ်ယူ ဆောက်လုပ်ခဲ့ရာ နှစ်ထမ်းကာလ ရှည်ကြာပြီ ဖြစ်၍ ဟောင်းနွမ်းပျက်စီးကာ အန္တရာယ်ဆောင် အဆင့်သို့ ရောက်ရှိနေသည်။ ကျောင်းဆောင်သစ်သည်လည်း ရပ်မိရပ်ဖ စုပေါင်းငွေဖြင့်သာ ဆောက်လုပ်ခဲ့ရာ ကျောင်းသားဦးရေနှင့် ကျောင်းဆောင် မမျှတပါ။ လူတိုင်းကိုယ်စီ မိဘိုင်းဖုန်းများကိုင်နိုင်ကြပြီ ဖြစ်၍ ဆက်သွယ်ရေး ကောင်းမွန်ပါသည်။

## (၆) ပညာရေး

ကျေးရွာတွင် မူလတန်းကျောင်းသာ ရှိသည့်အတွက် မူလတန်းပညာရေးကို ကျေးရွာတွင်းတွင် သင်ကြားနိုင်ပြီး မူလတန်း ကျောင်းသားဦးရေ လက်ရှိကျောင်းတက်ချိန်ထိ (၈၅)ဦးခန့်ရှိသည်။ အလယ်တန်း (၉၀)ဦး၊ အထက်တန်း (၅၉)ဦးရှိပြီး ကျောက်မော်ကျေးရွာ အထက်တန်းကျောင်း၊ ယင်းမာပင်၊ မုံရွာမြို့များတွင် တက်ရောက် ပညာသင်ကြားနေကြသည်။ အထက်တန်း တက္ကသိုလ်ဝင် ကျောင်းသား အများအပြား ရှိသော်လည်း မိသားစု စားဝတ်နေရေးအရ ပညာတစ်ပိုင်းတစ်စဖြင့် အလုပ်လုပ်ကိုင်ကြသူများလည်း ရှိကြသည်။ ကျေးရွာစာသင်ကျောင်းအနေဖြင့် ကျောင်းပရိဘောဂ ပြည့်စုံပြီး ဆရာ၊ ဆရာမဦးရေ ကျား(၃)ဦး ၊ မ(၃)ဦး ရှိသည်။ ကျေးရွာ၏ ပညာရေး အဆင့်အတန်းသည် အသင့်အတင့် ကောင်းမွန်မှုရှိကြောင်း တွေ့ရသည်။ ရွာသားအများစုသည် အခြေခံ အရေး၊အဖတ် တတ်မြောက်ကြသည်။ တက္ကသိုလ်ဘွဲ့ရဦးရေ ကျား(၁၀)ဦး ၊ မ (၂၂)ဦး ပေါင်း (၃၂) ဦး ရှိပါသည်။ ပညာတတ်များ မွေးထုတ်ပေးနိုင်သော ကျေးရွာဖြစ်၍ အစိုးရဌာနများတွင် ကျောင်းဆရာ၊ ဆရာမများအဖြစ်လည်းကောင်း၊ ကျန်းမာရေး ဌာနများတွင် လည်းကောင်း လုပ်ကိုင်ကြသူများလည်း ရှိကြသည်။ သို့သော် ပညာဖြင့် အသက်မွေးဝမ်းကြောင်းပြု သူနည်း၍ အခြားအလုပ်အကိုင် လုပ်ကြသူများသာများသည့် အတွက် အသက်မွေးဝမ်းကြောင်း ပညာရေးနိမ့်သည်ဟု ဆိုရပေမည်။

## (၇) ကျန်းမာရေး

ကျေးရွာသူ ကျေးရွာသားများသည် အများအားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး ကူးဆက်ရောဂါ ဖြစ်ပွားမှု မရှိသလောက် နည်းပါးပါသည်။ နှစ်စဉ်မိုးရာသီတွင် ကလေးသူငယ်များ သွေးလွန်တုပ်ကွေး ဖြစ်ပွားတက်ပြီး လူငယ်လူကြီးများတွင် မိုးရာသီ တုပ်ကွေးရောဂါ ကူးဆက်ခံရမေ့ ရှိသည်။ ကျေးရွာသူ

ကျေးရွာသားများသည် တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် ကျန်းမာရေး အသိအမြင်များ ရှိကြသည်။ ကျေးရွာ ဆေးပေးခန်းမရှိသော်လည်း အခြေခံကျန်းမာရေး စောင့်ရှောက်မှုများကို ကျေးရွာတွင် ရရှိနိုင်သည်။ (၁၀)မိုင်ခန့် အကွာဝေးကို ကားလမ်းမဖြင့် အလွယ်တကူ သွားလာနိုင်သော မုံရွာမြို့ ပြည်သူ့ဆေးရုံနှင့် လက်လှမ်းမှီသည်။

သောက်သုံးရေအတွက် အိမ်ထောင်စုများသည် ကိုယ်ပိုင်ရေတွင်းများမှ ရေကို သောက်သုံးကြပါသည်။ သန့်ရှင်းသောရေကို ကောင်းစွာ ခွဲသုံးနိုင်သည့် ကျေးရွာဖြစ်သောကြောင့် တစ်ကိုယ်ရေ သန့်ရှင်းမှုနှင့် ကျန်းမာရေး အဆင့်အတန်း ကောင်းမွန်သည်။ ကျေးရွာတွင် အိမ်ထောင်စု (၁၄၁)အိမ်ခန့် ယင်လုံအိမ်သာ အသုံးပြုနိုင်သောကြောင့် စနစ်တကျ အညစ်အကြေး စွန့်ပစ်ရှိသည့်အတွက် အခြားကူးစက်ရောဂါများ မရှိသလောက် ကင်းရှင်းကြပါသည်။

## (၈) ဘေးအန္တရာယ်များနှင့် သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေး

ကျေးရွာတွင် နွေရာသီတွင် လေပြင်းတိုက်ခတ်ခြင်းများ မကြာခဏဖြစ်လေ့ရှိသည့်အတွက် အမိုးအကာများ ပျက်စီးမှု တစ်ခါတစ်ရံ ကြုံတွေ့ကြရသည်။ ကျေးရွာမှ သဘာဝအလျောက် ပေါက်ရောက်သော ထန်းပင်၊ သစ်ပင်များသည် ထင်းဟောင်စာအဖြစ် ထုတ်ယူခြင်းကြောင့် ထန်းတော၊ သစ်တောများ ပြုန်းတီးမှု နှင့် ရင်ဆိုင်နေရသည်။ သနပ်ခါးနှင့်ပဲစဉ်းငုံစသော သီးနှံများမှာလည်း ပိုးမွှားကျရောက်မှု အန္တရာယ် အနည်းငယ်ရှိသည်။ စိုက်ပျိုးမြေများတွင်လည်း နှစ်စဉ်ဆက်တိုက် ဓာတ်မြေဩဇာများ အသုံးပြုခြင်း၊ နွားချေးနှင့် သစ်ရွက်ဆွေး စသော သဘာဝ ဓာတ်မြေဩဇာများ မထည့်သွင်းနိုင်ခြင်းကြောင့် စိုက်ပျိုးမြေများတွင် မြေဆီလွှာ အဆင့်အတန်း ကျဆင်းလာကြောင်း တွေ့ရသည်။

## (၉) ကျား–မ ရေးရာ

ကျေးရွာတွင် ကျားမ တန်းတူအခွင့်အရေးရှိကြပြီး ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အမျိုးသားများက ဦးဆောင်လေ့ရှိသည်။ အိမ်တွင်းရေးလုပ်ငန်းအများစုကို အမျိုးသမီးများက ပြုလုပ်ကြသည်။ စီးပွားရေးအခြားအလုပ်အကိုင်များတွင် မောင်တစ်ထမ်း မယ်တစ်ရွက် တန်းတူဆောင်ရွက်ကြသည်။ နေ့စားလုပ်အားခများတွင် မိန်းမများထက် ယောကျ်ားများက လုပ်အားခပို၍ ရကြသည်။ ဘာသာရေး၊ ကျေးရွာ၏ သာရေး၊ နာရေးလူမှုရေးများတွင် အမျိုးသား/အမျိုးသမီးများသည် ညီညွတ်စွာ ဆောင်ရွက်ကြသည်။ ဒေသတွင်း အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲမှု ကိစ္စရပ်များတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍ နည်းပါးနေသေးကြောင်း တွေ့ရသည်။

## (၁၀) ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ကျေးရွာတွင် ပိုင့်ဖိုးဓာတ်အားကြိုးများ တိုးမြှင့်တပ်ဆင်၍ အိမ်တိုင်ဓေ့ လျှပ်စစ်မီးရရှိရေးလုပ်ငန်း၊ ကျောင်းဆောင်သစ်ဆောက်လုပ်ရန် လုပ်ငန်း၊ လမ်းများပြုပြင်ရန်လုပ်ငန်း၊ ကျေးရွာဆေးခန်းရရှိရေးလုပ်ငန်း ကျေးရွာမူလတန်းကျောင်းမှ မူလွန်အဆင့်တိုးမြှင့်ရေး စသည်ဖြင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ များစွာရှိသည့်အနက် ဓာတ်အားကြိုးတိုးချဲ့ခြင်း၊ ကျောင်းဆောင်သစ်ဆောက်ခြင်း နှင့် လမ်းပြုပြင်ခြင်းဟူသော စီမံချက်(၃)ခုကို ကျေးရွာနေပြည်သူလူထုအား အကဲဖြတ်အမှတ်ပေးစေခဲ့ရာ စီမံချက် (၁) လျှပ်စစ်မီးဓာတ်အားကြိုးတိုးချဲ့တပ်ဆင်ရန် စီမံချက်သည် အမှတ်အများဆုံးဖြစ်သည့်အတွက် ၎င်းစီမံချက်ကို ဦးစားပေးစတင်ဆောင်ရွက်ရန်ရှိပါသည်။ ထိုသို့ ဆောင်ရွက်ရာ ပထမဦးစွာ လမ်း၏ အရှည်၊ တိုးချဲ့ရမည့် လမ်းဓာတ်တိုင် ဓာတ်အားကြိုးအရှည်မီတာ စသည်များကို တိုင်းတာတွက်ချက် ၍ သက်ဆိုင်ရာ လျှပ်စစ်ဌာနနှင့် ညှိနှိုင်းဆောင်ရွက်ပါမည်။ ကျေးရွာမူလတန်း စာသင်ကျောင်း ဆောင် ရရှိရန်အတွက် သက်ဆိုင်ရာပညာရေးဌာနများနှင့် ချိတ်ဆက်ညှိနှိုင်းကာ ဆောင်ရွက်ရန် ရှိပါသည်။ ကျေးလက်ဖွံ့ဖြိုးရေးဌာနမှဖြစ်စေ၊ အခြားအဖွဲ့အစည်းများမှဖြစ်စေ ကျေးရွာ၏ ဖွံ့ဖြိုးရေး အတွက် ကူညီပံ့ပိုးမှုများရရှိမည် ဆိုပါက ကျေးရွာမီးလင်းရေးကော်မတီများ၊ လမ်းကော်မတီဝင်များ နှင့် ညှိနှိုင်းတိုင်ပင်ကာ ပထမဦးစွာ ဦးစားပေးဆောင်ရွက်မည် ဖြစ်ပါသည်။

ကျွန်ုပ်တို့ကျေးရွာ၏ ရည်မှန်းချက်ပန်းတိုင်ဖြစ်သည့် ကျေးရွာသူ၊ ကျေးရွာသားများ ဝင်ငွေတိုးတက်ရေး၊ ပညာရေးကိုအလေးထားကာ လူငယ်များ၏ စွမ်းဆောင်ရည်မြင့်မားရေး၊ လူနေမှုအဆင့်အတန်း မြင့်မားရေး စသည် ကျေးရွာတိုးတက်ရာ တိုးတက်ကြောင်းတို့ကို ဖြတ်ကျော်ရမည့် အဟန့်အတား စိန်ခေါ်မှုများကို ဖြတ်ကျော်ကာ ကျေးရွာ လူထုနှင့် ညီညွတ်စွာ ဆောင်ရွက်ကြပါမည်။

နိဂုံးချုပ်အနေအားဖြင့် အထက်ပါအကြောင်းအရာအသီးသီးကို ခြုံ၍သုံးသပ်ပါက ကျွန်ုပ်တို့ကျေးရွာ၏ လက်ရှိအခြေအနေ နောင်လုပ်ဆောင်မည့် ဖွံ့ဖြိုးရေးစီမံချက် နည်းဗျူဟာတို့ဖြင့် ကျေးရွာ၏ တိုးတက်ရာတိုးတက်ကြောင်းတို့ကို ကျေးလက်ဖွံ့ဖြိုးရေးဌာန၏ အကြံပြုချက်ကိုရယူကာ ဖွံ့ဖြိုးတိုးတက်သည့် ကျေးရွာမှသည် အုပ်စု၊ အုပ်စုမှသည်မြို့နယ်၊ ခရိုင်တိုင်းဒေသကြီးမှ နိုင်ငံတော်အဆင့် အထိ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကာယ၊ ဉာဏ စွမ်းအားရှိသမျှောက် ဆောင်ရွက်ကြရမည်ဟု ဆန္ဒပြုယုံကြည်မိပါကြောင်း အဆိုပြု တင်ပြအပ်ပါသည်။

ကျေးလက်ဖွံ့ဖြိုးရေးကော်မတီ
ပန်းတိမ်ပြင်ကျေးရွာ
ယင်းမာပင်မြို့နယ်

# ဦးစားပေး စီမံချက်များ

| ကဏ္ဍ/ကဏ္ဍခွဲ | စီမံချက် | ရမှတ် ပေါင်း | ဦးစားပေး အဆင့် | ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| ကျေးရွာအဆောက်အဦးကဏ္ဍလျှပ်စစ်မီးတိုးချဲ့တပ်ဆင်ရေး | ၁။ လျှပ်စစ်ဓာတ်အားတိုးချဲ့တပ်ဆင်တည်ဆောက်ရေး | ၉၁ | ၁ | ကျေးရွာတွင် မီးတိုင်မီးကြိုးများ သွယ်တန်းပြီးဖြစ်ပါသည်။ကျန်ရှိသည့် အပိုင်းများကို ကျေးရွာမီးလင်းရေးကော်မတီနှင့် ပေါင်းစပ်ညှိနှိုင်းပြီးဆောင်ရွက်မည်။ | ကျေးလက်ဦးစီး EPC |

| | | | | | |
|---|---|---|---|---|---|
| ပညာရေးကဏ္ဍ ကျောင်းဆောင်သစ် ထပ်မံဆောက်လုပ်ရေး | ၂။ အန္တရာယ်ဆောင် အဆင့်တွင် ရောက်ရှိ နေသောကျောင်း ဆောင်ကို ဖျက်သိမ်း ၍ ကျောင်းဆောင် သစ် ဆောက်လုပ်ရေး | ၅၇ | ၂ | လက်ရှိမူလတန်းကျောင်းဆောင်၏ နှစ်ထပ်မိုး ကြာမြင့်သိအားလျော်စွာ ဟောင်းနွမ်းပျက်စီး၍ အန္တရာယ်ဆောင်အဆင့် ရောက်ရှိနေခြင်းကြောင့် ၎င်း အဆောင်ကို ဖျက်သိမ်း၍ ကျောင်း ဆောင်သစ် ထပ်မံ တည်ဆောက်မည်။ | ကျေးလက် ဦးစီးနှင့် ပညာရေးဦး စီးဌာန |
| ကျေးရွာအဆောက် အဦးကဏ္ဍလမ်းပန်း ဆက်သွယ်ရေး | ၃။ကျေးရွာတွင်းလမ်း များအဆင့်မြင့် တင်ခြင်း | ၄၁ | ၃ | ကျေးရွာတွင်းလက်ရှိမြေသ ားလမ်းကိုကျင်းကျောက် လမ်းအဖြစ် ကျေးရွာဖွံ့ ဖြိုးရေး ကော်မတီ/ လမ်း ကော်မတီများ ဦးစီးပြီးဆောင်ရွက်မည်။ | ကျေးလက် ဦးစီး |

# ဦးစားပေး စီမံချက်များ

| ကဏ္ဍ/ကဏ္ဍခွဲ | စီမံချက် | ရမှတ် ပေါင်း | ဦးစားပေး အဆင့် | ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| ကျန်းမာရေးကဏ္ဍ ကျေးလက်ဆေးပေးခန်း ရရှိရေး | ကျေးရွာနေပြည်သူလူထုကျန်းမာရေး စောင့်ရှောက်ရန် အတွက်ဇ ကျေးလက်ဆေးခန်း | ၄၀ | ၄ | ကျေးရွာနေပြည်သူလူထု၏ကျန်းမာရေး စိတ်အေးရန် အထောက်အကူဖြစ်မည့် ကျေးလက် | ကျေးလက်ဦးစီး ကျန်းမာရေးဦးစီး |

| | | | | | |
|---|---|---|---|---|---|
| | ထားရှိရေးအတွက် လျာထားခြင်း | | | ဆေးပေးခန်းရရှိရန် ရပ်မိရပ်ဖများနှင့် ပူးပေါင်းဆောင်ရွက်မည်။ | |
| အသိပညာဗဟုသုတဖွံ့ဖြိုးရေး ကလ္လာကျေးရွာစာကြည့်တိုက် ထားရှိရေး | ကျေးရွာနေပြည်သူလူထု အသိပညာ စာပေ ဗဟုသုတ မြင့်မားလာရန် ကျေးရွာစာကြည့် တိုက် တည်ဆောက်ရေး | ၃၅ | ၅ | ကျေးရွာနေ ပြည်သူလူထု၏ အသိပညာ စာပေ ဗဟုသုတ ကြွယ်ဝ လာစေရန် ကျေးရွာ စာကြည့်တိုက်တည်ဆောက်ရန် ရပ်မိ ရပ်ဖ ကျေးလက် ဖွံ့ဖြိုးရေးဌာနတို့နှင့် ချိတ်ဆက် ဆောင်ရွက်မည်။ | ကျေးလက်ဦးစီး ရပ်မိရပ်ဖ |

**နောက်ဆက်တွဲ (၂)**

**ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ**

**(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ**

**(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

**ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

| **အသက်အုပ်စု** | | **ကျား** | **မ** | **စုစုပေါင်း** |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၇ | ၁၂ | ၁၉ |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅ နှစ်အောက်ကလေးငယ် | ၂၇ | ၃၄ | ၆၁ |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၃၉ | ၃၅ | ၇၄ |
| ၁၀ နှစ်မှ ၁၄ နှစ် အထိ | အလယ်တန်းကျောင်းသားအရွယ် | ၄၈ | ၃၇ | ၈၅ |
| ၁၅ နှစ်မှ ၆၄ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၃၂၄ | ၃၇၅ | ၆၉၉ |
| ၆၅ နှစ် အထက် | သက်ကြီးရွယ်ကြီး | ၁၆ | ၂၀ | ၃၆ |
| **စုစုပေါင်း** | | **၄၆၁** | **၅၁၃** | **၉၇၄** |
| **စုစုပေါင်း အိမ်ထောင်စု** | | **၁၉၇** | | |

**ရင်းမြစ် ... (၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

**လေ့လာတွေ့ရှိချက်။ ။ ပန်းတိမ်ပြင်ကျေးရွာတွင် အိမ်ထောင်စုပေါင်း(၁၉၇)အိမ်ထောင်းစုရှိပြီး နို့စို့အရွယ်(၁၉)ဦး သက်ကြီးရွယ်အို (၃၆)ဦးရှိပြီး ယခင်နှစ်လူဦးရေထက် လူဦးရေတိုးလာကြောင်းနှင့် အိမ်ထောင်စု(၃၅)အိမ်ခန့် တိုးမြှင့်လာသည်ကိုလည်း လေ့လာတွေ့ရှိရပါသည်။**

**(ဂ) သဘာဝရင်းမြစ်များ**

**(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ**

**ဇယား (၂) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု**

| **မြေအမျိုးအစား** | **ဧရိယာ (ဧက)** | **မြေဆီလွှာ အရည်အသွေး** (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်) | | |
|---|---|---|---|---|
| လယ်မြေ | ၇၂.၀၅ | ကောင်း ☐ | သင့်☑ | ညံ့ ☐ |
| ယာမြေ / တောင်ယာမြေ | ၂၁၈.၈၀ | ကောင်း ☐ | သင့်☑ | ညံ့ ☐ |
| ဥယျာဉ်ခြံမြေ | | ကောင်း ☐ | သင့်☐ | ညံ့ ☐ |
| ကိုင်း/ကျွန်းမြေ | ၁.၀၀ | ကောင်း ☐ | သင့်☑ | ညံ့ ☐ |
| ခနီတောမြေ | | ကောင်း ☐ | သင့်☐ | ညံ့☐ |
| စားကျက်မြေ | | ကောင်း ☐ | သင့်☐ | ညံ့☐ |
| မြေလွတ် မြေလပ် | | ကောင်း ☐ | သင့်☐ | ညံ့☐ |
| စုစုပေါင်း | ၂၉၁.၈၅ | ☒ | | |

ရင်းမြစ် ... (၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထား သတ်မှတ်သည့် မြေများကို ဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ ၎င်းကျေးရွာရှိ လယ်ယာမြေပိုင်ဆိုင်သော အများစုသည် မြေအောက် ရေကိုသာအဓိကထားသုံးစွဲသဖြင့် ရေအခက်အခဲမရှိခြင်းနှင့် မြေဆီမြေဩဇာ အသင့်အတင့် ကောင်းမွန်သည်ကို လေ့လာတွေ့ရှိရပါသည်။

(၈-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၃) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

| အမျိုးအစား | ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။) | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐ |
| ကျောက်၊ သဲ၊ ကျောက်စရစ်စသည်များ | များ ☐ သင့်☐ နည်း ☐ မရှိ ☐ | လွယ်☐ခက်☐ အသုံးမပြုနိုင်ပါ ☐ |
| သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ) | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐ |
| သဘာဝ တိရစ္ဆာန်မျိုးစိတ်များ | များ ☐ သင့်☐ နည်း ☐ မရှိ ☐ | ☒ |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ ပန်းတိမ်ပြင်ကျေးရွာတွင် ဂျင်းမြေနှင့်သဲရရှိရန် ဝေးလံခက်ခဲသည့် အခြေအနေကို လေ့လာတွေ့ရှိရပါသည်။

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား (၄) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

| စ | အဖွဲ့အစည် | အမျိုးအစာ | အဖွဲ့ဝင်ဦးရေ | လုပ်ငန်းတာဝန် | စွမ်းဆော |
|---|---|---|---|---|---|

| ဉ် | ား အမည် | ား (မှန်ရာတစ်ခုကိုသာ ရွေးရန်) | ကျား | မ | ပေါင်း | (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။) | င်နိုင်မှု (မှန်ရာ တစ်ခု ကိုသာ ရွေးရန်) |
|---|---|---|---|---|---|---|---|
| ၁ | မီးလင်းရေး ကော်မတီ | ၁☐ ၂☑ ၃☐ | ၈ | ၃ | ၁၁ | ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကောင်း ☑ သင့် ☐ ညံ့ ☐ |
| ၂ | လမ်းကော်မတီအဖွဲ့ | ၁☐ ၂☑ ၃☐ | ၆ | ၃ | ၉ | ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကောင်း ☑ သင့် ☐ ညံ့ ☐ |
| ၃ | လူမှုကူညီရေးအဖွဲ့ | ၁☐ ၂☑ ၃☐ | ၁၂ | ၁၅ | ၂၇ | ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး | ကောင်း ☐ သင့် ☑ ညံ့ |

| စဉ် | အဖွဲ့အစည်းအမည် | အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။) | စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | |
| | | | | | | ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ☐ |
| ၄ | လူမှုကူညီရေးအဖွဲ့ | ၁☐ ၂☐ ၃☐ | ၁၅ | ၁၂ | ၂၇ | ပညာရေး ☐ ဌေးကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကောင်း ☑ သင့် ☐ ညံ့ ☐ |
| ၅ | လူမှုကူညီရေးအဖွဲ့ | ၁☐ ၂☑ ၃☐ | ၁၅ | ၁၂ | ၂၇ | ပညာရေး ☐ ဌေးကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ | ကောင်း ☑ သင့် ☐ ညံ့ ☐ |

| စဉ် | အဖွဲ့အစည်းအမည် | အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။) | စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | |
| | | | | | | လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | |
| ၆ | လူမှုကူညီရေးအသင်း | ၁☐ ၂☑ ၃☐ | ၁၅ | ၁၂ | ၂၇ | ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကောင်း ☐ သင့် ☑ ညံ့ ☐ |
| ၇ | ကိုယ်ထူကိုယ်ထမီးလင်းရေး | ၁☐ ၂☑ ၃☐ | ၆ | ၃ | ၉ | ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကောင်း ☑ သင့် ☐ ညံ့ ☐ |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု– လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ – ဥပမာ – အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ပရဟိတအဖွဲ့ များလေ့လာတွေ့ ရှိရပါသည်။

(ဃ) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၅) ဥစ္စာဓနအဆင့် အခြေအနေ

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသော အိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည်သော အိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | အလွန်နည်း |
| အိမ်အခြေအနေ | အလွန်ကောင်း | အသင့်အတင့်ကောင်း | ညံ့ | အလွန်ညံ့ |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | မရှိ |
| အဓိကစီးပွားရေး လုပ်ငန်း | စီးပွား(ဝင်ငွေ) အလွန်ကောင်း | စီးပွား(ဝင်ငွေ) အသင့်အတင့် | စီးပွာ(ဝင်ငွေ) နည်း | စီးပွာ(ဝင်ငွေ) အလွန်နည်း |
| အိမ်ထောင်စု | ၃၀ | ၅၁ | ၅၀ | ၆၆ |

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် အဆင်ပြေသောအိမ်ထောင်စုများအနေဖြင့် မြေယာပိုင်ဆိုင်မှုများပြီး အလယ်အလတ်ရှိသောအိမ်ထောင်စုများသည် လယ်ယာမြေ အသင့်အတင့်ပိုင်ဆိုင်ကြပြီး မပြေလည်သောအိမ်ထောင်စုများတွင် လယ်ယာမြေ အနည်းငယ်သာပိုင်ဆိုင်ကြ၍ အလွန်မပြေလည်သောအိမ်ထောင်စုများမှာမူ လယ်ယာမြေ

ပိုင်ဆိုင်မှုမရှိပဲ ကြာပန်းအလုပ်လုပ်ကိုင်ပြီး အသက်မွေးဝမ်းကျောင်းပြုနေသည်ကို လေ့လာတွေ့ရှိပါသည်။

**(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ**

**(ခ-၁) သီးနှံထုတ်လုပ်ရေး**

**(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု**

ဇယား (၆) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

| စဉ် | မြေပိုင်ဆိုင်မှုအရွယ်အစား | အိမ်ထောင်စု အရေအတွက် | ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက် |
|---|---|---|---|
| ၁ | မြေယာမဲ့ | ၄၃ | မြေမဲ့ယာမဲ့ |
| ၂ | ၂.၅ ဧကအောက် | ၁၁၅ | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ ဧကမှ ၅ ဧကကြား | ၂၈ | တောင်သူငယ် |
| ၄ | ၅ ဧကမှ ၁၂.၅ ဧကကြား | ၉ | တောင်သူလတ် |
| ၅ | ၁၂.၅ ဧက အထက် | ၁၉၇ | တောင်သူကြီး |
| ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း | | ၃၉၂ | ☒ |

ရင်းမြစ် ... (၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာရှိ အိမ်ထောင်စု(၅)ပုံ (၄)ပုံခန့်သာ လယ်ယာမြေပိုင်ဆိုင်ကြပြီး လယ်ယာမြေမပိုင်ဆိုင်သည့် အိမ်ထောင်စု (၄၃)ခန့်ရှိသည်ကို လေ့လာတွေ့ရှိရပါသည်။

**(၃) အဓိကသီးနှံများနှင့် အထွက်နှုန်း**

ဇယား (၇) အဓိကသီးနှံများနှင့် အထွက်နှုန်း

| သီးနှံ | စုစုပေါင်းစိုက်ကေ | တစ်ဧက အထွက်နှုန်း | | | | သီးနှံစိုက်ပျိုး သည့်ကာလ | | သွင်းအားစုလိုအပ်ချက် (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အမြတ်ရရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|---|---|---|---|---|---|---|
| | | ယူနစ် | အနည်းဆုံး | အများဆုံး | ပျမ်းမျှ | မှ | ထိ | | |
| ပဲစိမ်းငုံ | ၅၀ | တင်း | ၂ | ၄ | ၃ | အောက်တိုဘာ | ဖေဖော်ဝါရီ | မြင့်☐ လတ်☐ နိမ့်☑ | မြင့်☐ လတ်☐ နိမ့်☑ |
| နှမ်း | ၂၀ | တင်း | ၁ | ၃ | ၂ | ဇူလိုင် | စက်တင်ဘာ | မြင့်☐ လတ်☐ နိမ☑ | မြင့်☐ လတ်☐ နိမ့်☑ |
| မြေပဲ | ၁၀ | တင်း | ၁ | ၃ | ၂ | အောက်တိုဘာ | ဖေဖော်ဝါရီ | မြင့်☐ လတ်☑ နိမ့်☐ | မြင့်☐ လတ်☐ နိမ့်☑ |
| ပြောင်း | ၅ | တင်း | ၅ | ၇ | ၆ | ဩဂုတ် | ဖေဖော်ဝါရီ | မြင့်☐ လတ်☐ နိမ့်☑ | မြင့်☐ လတ်☐ နိမ့်☑ |
| ကုလားပဲ | ၇ | တင်း | ၂ | ၄ | ၃ | အောက်တိုဘာ | ဖေဖော်ဝါရီ | မြင့်☐ လတ်☑နိမ့်☐ | မြင့်☐ လတ်☐ နိမ့်☑ |

| သီးနှံ | စုစုပေါင်း စိုက်ကေ | တစ်ဧက အထွက်နှုန်း | | | | သီးနှံ စိုက်ပျိုး သည့် ကာလ | | သွင်းအား စုလိုအပ်ချက် (မှန်ရာတစ်ခုကို သာ ရွေးရန်) | အမြတ် ရရှိနိုင်မှု (မှန်ရာတစ်ခုကို သာ ရွေးရန်) |
